# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၅၁ ခုနှစ်၊ အာမခံကုမ္ပဏီများကို နိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။
**[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၀။]**
**၁၃၁၃ ခု၊ တန်းဆောင်မုန်းလဆန်း ၄ ရက်။**
**(၁၉၅၁ ခု၊ နိုဝဘ်ာလ ၂ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။
အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ **၁၉၅၁ ခုနှစ်၊ အာမခံကုမ္ပဏီများကို နိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေ**ဟု ခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေတွင်-

(က) "ကုမ္ပဏီ" ဆိုသည်မှာ၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအရ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံစာရင်းတင်သွင်းပြီးလျှင် အသက်အာမခံ ကုမ္ပဏီအက်ဥပ ဒေ (Life Insurance Companies Act) အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းတွင် အသက်အာမခံ အလုပ်များကို လုပ်ကိုင်လျက်ရှိသော လီမီတက်ကုမ္ပဏီများနှင့် အထွေထွေအာမခံလုပ်ငန်းများကို လုပ် ကိုင်နေသော အခြားကုမ္ပဏီများကို ဆိုလိုသည်။

(ခ) "အဖွဲ့" ဆိုသည်မှာ၊ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံစီမံခန့်ခွဲမှုအဖွဲ့ အက်ဥပဒေအရ ဖွဲ့စည်းထား သော ပြည်ထောင်စု အာမခံစီမံခန့်ခွဲမှုအဖွဲ့ကို ဆိုလိုသည်။

၃။ ။ (၁) နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြား ဖော်ပြသော ကုမ္ပဏီကို သီးခြားဖော်ပြသော နေ့ရက်တွင် နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူနိုင်သည်။ ယင်းသို့ သိမ်းယူသည့်အခါ၊ ထိုကုမ္ပဏီရှိ ဌာနများကို တဌာနပြီးတဌာနခွဲ၍ ထိုဌာနဆိုင်ရာ ပစ္စည်းအရပ်ရပ်နှင့် တကွ အကြိမ်ကြိမ်သော်၎င်း၊ သိမ်းယူနိုင်သည်။ သို့တည်းမဟုတ် ထိုကုမ္ပဏီတခုလုံးကို ဆိုင်ရာပစ္စည်း အရပ်ရပ်နှင့်တကွ တကြိမ်တည်းသော်၎င်း သိမ်းယူနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ သိမ်းယူသောအခါ ထိုကုမ္ပဏီနှင့် ထိုကုမ္ပဏီဆိုင်ရာပစ္စည်း အရပ်ရပ်သည်၊ သို့တည်း မဟုတ် ကုမ္ပဏီထံမှ သိမ်းယူသောဌာနနှင့် ထိုဌာနဆိုင်ရာ ပစ္စည်းအရပ်ရပ်သည် အဆိုပါအမိန့် ကြော်ငြာစာတွင် သီးခြားဖော်ပြသော နေ့မှ အစပြု၍ အဖွဲ့ပိုင်ဖြစ်ရမည်။

၄။ ။ (၁) ပုဒ်မ ၃ အရ နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူသောနေ့မှ အစပြု၍ သိမ်းယူသည့်ဌာနသည်၊ သို့တည်း မဟုတ် ကုမ္ပဏီသည်အဖွဲ့၏ အုပ်ချုပ်စီမံမှုအောက်သို့ ရောက်ရှိလာရမည်။ ထိုဌာန၏၊ သို့တည်း မဟုတ် ကုမ္ပဏီ၏ရာထမ်း မှုထမ်းအားလုံးသည်လည်း၊ အဖွဲ့၏ရာထမ်းမှုထမ်းများဖြစ်ကြရမည်။

သို့ရာတွင် ထိုရာထမ်းမှုထမ်းများ၏ ရာထူးအဆင့်အတန်း၊ လစာနှင့်စရိတ်ငွေများသည်၊ အဖွဲ့က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

(၂) ပုဒ်မ ၃ (၁) အရ၊ ကုမ္ပဏီ၏ဌာနများထဲမှ ဌာနတခုသာစတင်သိမ်းယူသောအခါ၊ ထိုဌာနဆိုင်ရာ အဖွဲ့၏ ရာထမ်းမှုထမ်းများသည် မသိမ်းယူသေးဘဲ ကျန်နေသောဌာနများအတွက် အဖွဲ့၏ကြီးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာလျက် အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၅။ ။ (၁) ပုဒ်မ ၃ အရ နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူသည့်အတွက်၊ ဆိုင်ရာကုမ္ပဏီကို အစိုးရက တရား မျှတသော လျော်ကြေးပေးရမည်။ ထိုတရားမျှတသော လျော်ကြေးသည် ယင်းသို့ သိမ်းယူသောနေ့၌ သိမ်းယူသော ပစ္စည်းအရပ်ရပ်၏ ကာလတန်ဘိုးဖြစ်ရမည်။ ထိုကာလတန်ဘိုးကို အဖွဲ့နှင့် ကုမ္ပဏီနှစ်ဦး သဘောတူ ရွေးချယ်သည့် အာမခံစာရင်းအင်း ကျွမ်းကျင်သူ (actuary) က ဆုံးဖြတ်ရမည်။ အကယ်၍၊ ယင်းသို့ရွေးချယ်ရာတွင် အဖွဲ့နှင့် ကုမ္ပဏီတို့သဘောတူညီချက် မရရှိလျှင်၊ နိုင်ငံတော်သမတ ရွေးချယ် သည့် အာမခံစာရင်းအင်း ကျွမ်းကျင်သူ (actuary) က ထိုကာလတန်ဘိုးကို ဆုံးဖြတ်ရမည်။

(၂) ပုဒ်မခွဲ (၁) အရ ရွေးချယ်ခြင်းခံရသည့် အာမခံစာရင်းအင်း ကျွမ်းကျင်သူ (actuary) ၏ အခကို အစိုးရနှင့် ကုမ္ပဏီတို့က ထက်ဝက်စီပေးရမည်။

၆။ ။ အဆိုပါကာလတန်ဘိုးကို အစိုးရကသင့်တော်သည်ဟု သတ်မှတ်သော နည်းလမ်းအတိုင်း ဆိုင်ရာ ကုမ္ပဏီအား အစိုးရကပေးရမည်။

၇။ ။ (၁) ပုဒ်မ ၅ အရ ဆုံးဖြတ်သော ကာလတန်ဘိုးကို အစိုးရက သော်၎င်း၊ ကုမ္ပဏီကသော်၎င်း သဘောမတူခဲ့သော်၊ နိုင်ငံတော်သမတကခန့်သည့် ပုဂ္ဂိုလ်သုံးဦးပါဝင်သော ခုံအဖွဲ့က ထိုကာလတန်ဘိုး ကို ဆုံးဖြတ်ရမည်။

(၂) ထိုခုံအဖွဲ့တွင် လွှတ်တော်တရားဝန်ကြီးတဦးက ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်၍ ကျန်နှစ်ဦးအနက်၊ တဦးမှာ ပုဒ်မ ၅ အရ ကာလတန်ဘိုး ဆုံးဖြတ်သူမဟုတ်သည့် အရည်အချင်းနှင့် ပြည့်စုံသော အာမခံ စာရင်းအင်း ကျွမ်းကျင်သူ (actuary) တဦးဖြစ်ရမည်။

(၃) ၁၉၅၀ ခုနှစ်၊ စုံစမ်းရေးကော်မတီများ အက်ဥပဒေပုဒ်မ ၉၊ ၁၀ နှင့် ၁၁ ပါ ပြဋ္ဌာန်းချက်များသည် ထိုအက်ဥပဒေပုဒ်မ ၂ တွင် ရည်ညွှန်းထားသည့် စုံစမ်းရေးကော်မတီနှင့် သက်ဆိုင်သကဲ့သို့ ထိုခုံအဖွဲ့နှင့် သက်ဆိုင်ရမည်။

(၄) ထိုခုံအဖွဲ့ဝင်များ ထင်မြင်ယူဆချက်ကွဲလွဲသည့်အခါ အဖွဲ့ဝင်များရာ၏ ထင်မြင်ယူဆချက်သည် အတည်ဖြစ်ရမည်။

(၅) ထိုခုံအဖွဲ့ဝင်သုံးဦးထဲမှ တဦးတယောက်သည် အကြောင်းတခုခုကြောင့်၊ ခုံအဖွဲ့၏တာဝန်များကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်သော်၊ ထိုတာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်ရန် အခြားသင့် တော်သော ပုဂ္ဂိုလ်တဦးကို နိုင်ငံတော်သမတက ခန့်ရမည်။ ယင်းသို့ခန့်ခြင်းဖြင့်၊ ခုံအဖွဲ့လုပ်ခဲ့ပြီးသော အလုပ်များကို ထိခိုက်ခြင်းမရှိဘဲ ခုံအဖွဲ့သည် စတင်ဖွဲ့စည်းစဉ်ကပင် ထိုသူအား ခုံအဖွဲ့ဝင်ခန့်ဘိသကဲ့သို့ ဆက်လက်၍ ဆောင်ရွက်နိုင်သည်။

(၆) ခုံအဖွဲ့တွင် ပါဝင်ဆောင်ရွက်သော အာမခံစာရင်းအင်း ကျွမ်းကျင်သူ (actuary) နှင့် ပြည်ထောင်စု ဘဏ္ဍာတော်မှ လစာခံယူနေသည့်သူ မဟုတ်သော ခုံအဖွဲ့ဝင်တဦးတယောက်၏အခကို၊ အစိုးရနှင့် ကုမ္ပဏီတို့က ထက်ဝက်စီပေးရမည်။

၈။ ။ တရားမျှတသော လျော်ကြေးနှင့်စပ်လျဉ်း၍ ခုံအဖွဲ့ကချမှတ်သော ဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်း နှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ၊ အစိုးရသည်၊ သို့တည်းမဟုတ် ဆိုင်ရာကုမ္ပဏီသည်၊ တရားလွှတ်တော် ချုပ်သို့ အယူခံနိုင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီသမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၃ ခုနှစ်၊ တန်းဆောင်မုန်းလဆန်း ၄ ရက်။

(၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၀၉]